**အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များ**

၁။ အိတ်ဖွင့်တင်ဒါလျှောက်လွှာကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်တွင် ( ၆-၁၁ -၂၀၂၀ )ရက်နေ့တွင် စတင်ရောင်းချပါမည်။

၂။ တင်ဒါပုံစံ (၁)စောင်လျှင် ကျပ် (၅၀၀၀/-) (ကျပ်ငါးထောင်တိတိ) နှုန်းဖြင့် ဝယ်ယူတင်သွင်းရန်။

၃။ အိတ်ဖွင့်တင်ဒါငွေကြေးနှုန်းကို ( ကျပ် ---------- သိန်း)ဖြင့် ဖော်ပြရန် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ၀ွင် သက်ဆိုင်ရာကုမ္ပဏီ၏ ဥက္ကဋ္ဌ (သို့) အုပ်ချုပ်မှုဒါရိုက်တာ (သို့) ကန်ထရိုက်တာမှ လက်မှတ်ရေးထိုး ပေးပို့ရမည်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းခွင့်လျှောက်လွှာနှင့်အတူ တင်သွင်းမည့် BQ Drawing တို့အား ပေးပို့ရမည်။

၆။ အိတ်ဖွင့်တင်ဒါ နောက်ဆုံးလက်ခံမည့်နေ့ရက်၊အချိန် **(၂၀၂၀)ခုနှစ်၊(ဒီဇင်ဘာလ)(၄)ရက်နေ့လည် (၂)နာရီ** ထက်နောက်ကျရောက်ရှိလာသော တင်ဒါများကိုအဖွဲ့မှ လုံးဝစဉ်းစားမည် မဟုတ်ပါ။

၇။ **ဈေးနှုန်းအဆိုပြုလွှာတင်ပြခြင်း။**

(က) အဆိုပြုတင်ပြသည့် တင်ဒါတွက်ချက်မှုကို တင်ဒါတင်သွင်းသူမှ လုံးဝ တာဝန်ယူရမည်။ (မှားယွင်းတွက်ချက်မှုများ၊ မှားယွင်းဖြည့်စွက်မှုများရှိပါက တွက်ချက်တင်သွင်းသူ၌သာတာဝန်ရှိသည်။)

(ခ) လုပ်ငန်းတန်ဖိုးတွက်ချက်ရာတွင် With-holding Tax ၂ % ပေးဆောင်ရမည်။ အဆိုပါ ၂ % အား သီးခြားတွက်ချက်တင်ပြခြင်းမပြုရ ။

(ဂ) ပြည်ထောင်စုစာရင်းစစ်ရုံးမှ စစ်ဆေးတွေ့ရှိချက်အရ ပြန်လည်ပေးသွင်းငွေရှိလျှင် ကုမ္ပဏီမှ အပြည့်အဝ တာဝန်ယူပေးသွင်းရပါမည်။

၈။ **အိတ်ဖွင့်တင်ဒါအာမခံငွေပေးသွင်းခြင်း**

(က) အိတ်ဖွင့်တင်ဒါသွင်းသူသည် အိတ်ဖွင့်တင်ဒါအာမခံစပေါ်ငွေအား လုပ်ငန်းတန်ဖိုး၏၁% ၈၈၀၀၀၀/ (ကျပ်ရှစ်သိန်းရှစ်သောင်းတိတိ )ကို အင်းစိန်၊မြန်မာ့စီးပွားရေးဘဏ်သို့(PO) ပြုလုပ်ပြီး ပေးသွင်းရမည်။ အိတ်ဖွင့်တင်ဒါဖွင့်ဖောက် စိစစ်ရွေးချယ်ဆောင်ရွက်ပြီးပါက အာမခံစပေါ်ငွေ(PO) လက်ခံဖြတ်ပိုင်း တင်ပြနိုင်ပါက (၇)ရက်အတွင်း ပြန်လည်ထုတ်ပေးမည်။

(ခ) တင်ဒါအောင်မြင်သူများအနေဖြင့် (၅)ရက်အတွင်း အဆောက်အဦတန်ဖိုး၏ ၅ % ကို လုပ်ငန်းအာမခံငွေ (PG) အဖြစ် အင်းစိန်၊မြန်မာ့စီးပွားရေးဘဏ်သို့တိုက်ရိုက်ပေးသွင်းရပါမည်။ အဆိုပါလုပ်ငန်းအာမခံငွေ(PG)အား အဆောက်အဦပြီးစီး၍ လုပ်ငန်းသက်တမ်း(၁)နှစ်ပြည့်ပြီးမှသာ ပြန်လည်ထုတ်ပေးမည်။